# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

## ရုံးအမှတ် (၃၁)၊ နေပြည်တော်

## လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အငယ်တန်းစာရေးနှင့်အဆင့်တူ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး ၅၀ နေရာအတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများသည် ၂၉-၉-၂၀၂၃ ရက်နေ့နောက်ဆုံးထားပြီး စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သာသနာရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၁) နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်-

| | ရာထူးအမည် | ခန့်ထားမည့် အရေအတွက် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၃၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| (ခ) | သာသနာရေးလက်ထောက်-၄ | ၂၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ/ ဓမ္မာစရိယဘွဲ့ ၄ မျိုးအနက် တစ်မျိုးမျိုးရရှိသူ |

၂။ (က) အထက်ဖော်ပြပါရာထူးနေရာများအတွက် အင်္ဂလိပ်စာ၊ ကွန်ပျူတာ အသင့်အတင့်တတ်ကျွမ်း အသုံးပြုနိုင်သူဖြစ်ရမည်၊

(ခ) တက္ကသိုလ်တစ်ခုခုမှဘွဲ့(သို့မဟုတ်) ဓမ္မာစရိယ ဘွဲ့ ၄ မျိုးအနက် တစ်မျိုးမျိုးရရှိခဲ့ပြီး ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၂ နှစ်ထက် မကြီးသူဖြစ်ရမည်။ **(ဌာနတွင်း ဝန်ထမ်းဖြစ်ပါက ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက် ၃၅ နှစ်ထက် မကြီးသူဖြစ်ရမည်။)**

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်၊

(ဂ) ဘာသာရေး၊ သာသနာရေးဆိုင်ရာ လုပ်ငန်းများစိတ်ပါဝင်စားသူဖြစ်ရမည်၊

(ဃ) ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal) သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိ၊

(င) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(၁) တစ်လအတွင်း ရိုက်ကူးထားသော ၁" x ၁.၁၅" ဓာတ်ပုံ ၃ ပုံ၊

(နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)

(၂) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ (မိတ္တူမှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်) (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ တင်ပြနိုင်ရမည်)

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(၄) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(၅) ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊

(၆) ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်းနှင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက သတ်မှတ်ထားသည့်လျော်ကြေးကို ပေးလျော်မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်၊

(၇) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

(၈) ပြင်ပပုဂ္ဂိုလ်များသည် ၂၉-၈-၂၀၂၃ ရက်နေ့နောက်ပိုင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာမူရင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာမူရင်း၊

(၉) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုစာ။

၄။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို **(လုံး၀)** လုံး၀ ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ရေးဖြေစစ်ဆေးခြင်းကို အောက်ဖော်ပြပါစာဖြေဌာနများအလိုက် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သောကြောင့် **မိမိတို့ဖြေဆိုမည့် စာဖြေဌာန ၁ ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာဖြေဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်-**

(က) နေပြည်တော်စာဖြေဌာန - ဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက်၊ ပျဉ်းမနားမြို့
ဖုန်း- ၀၆၇ ၃၄၀၆၂၃၁၊ ၀၆၇ ၃၄၀၆၀၀၁

(ခ) ရန်ကုန်စာဖြေဌာန - သုံးထပ်ဆွမ်းစားဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၁ ၆၆၀၈၃၈၊ ၀၁ ၆၆၁၅၇၂၊ ၀၁ ၆၅၂၃၅

(ဂ) မန္တလေးစာဖြေဌာန - မဟာသုန္ဒရာ ရာမပရိယတ္တိစာသင်တိုက်၊ (၅) ထပ် ဓမ္မဗိမာန်တော်ကြီး၊ တံခွန်တိုင်အပိုင်းမြောက်ဘက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
ဖုန်း- ၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၀၀၁၃၄၉၊ ၀၂ ၄၀၇၂၉၀၂

၆။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၇-၁၀-၂၀၂၃ ရက်နေ့၊ ၀၉၀၀ မှ ၁၁၀၀ အချိန်ထိ မြန်မာစာနှင့် အင်္ဂလိပ်စာကိုလည်းကောင်း၊ ၁၃၀၀မှ ၁၄၀၀အချိန်ထိ အထွေထွေဗဟုသုတကိုလည်းကောင်းဖြေဆိုရမည် ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်သဖြင့် ရေးဖြေအောင်မြင်သည့် အမည်စာရင်းကို သက်ဆိုင်ရာစာဖြေဌာနများတွင် ကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၆-၁၀-၂၀၂၃ ရက်နေ့တွင် သက်ဆိုင်ရာစာဖြေဌာနများ၌** ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်းအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး) website (www.mora.gov.mm)နှင့် သာသနာရေးဦးစီးဌာန website (www.dra.gov.mm) တို့တွင် ဖော်ပြမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း ၀၆၇ ၃၄၀၆၂၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**